PUBLISHED BY VIEW



ပျား

# ညားကြလေသတည်း

Digital Art : Idea Kyaw & Mg Kyaw Oo

# အခန်း (၁)

"နက်နဲ ငါ့ကိုပြန်လိုက်ပို့ဟာ"

"ပြန်စမ်းပါဟာ ဒီနားနဲ့ ဟိုနားလေးကို"

သစ္စာက လိုလိုလားလား တောင်းဆိုနေတာကို နက်နဲဆိုတဲ့ ကောင်ပြန်ငြင်းနေပုံကို ကြည့်ရင်း သစ္စာစိတ်ထဲ နည်းနည်းတော့ တင်းသွားသည် ။

"နာရီကိုလည်း ကြည့်ဦး ကိုးနာရီခွဲနေပြီ"

"ဘာဖြစ်လဲ တစ်ဘလောက်လေး ဖြတ်ပြန်ရမှာ ကို"

"ဟဲ့ အဲဒီတစ်ဘလောက်က မှောင်မည်းပြီး လူပြတ်တဲ့ တစ်ဘလောက်လေ"

"ပြန်လိုက်ပါဟာ ငါအရမ်း အိမ်သာတက်ချင်လို့ ပါ"

"အောင့်ထားဟာ"

စိတ်တိုတိုနှင့် ပြောလိုက်မိခြင်းမှ နက်နဲ မျက်နှာ တကယ်ရှုံ့မဲ့ နေခြင်းကြောင့် အန္တရာယ်လွယ်ထားတာ တကယ်မှန်း သစ္စာ ရိပ်မိလိုက်သည် ။

"ဆယ့်ငါးမိနစ်စောင့် ငါပြန်လာခဲ့မယ်၊ အဲဒါ ဆိုရင်တော့ လိုက်ပို့လို့ရတယ်"

"တော်ပါတော့ သွားပါ သွားပါ"

သစ္စာက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်မှ ကိုယ်တော်ချောလည်း ချက်ချင်းပင် ထပြေးတော့၏။ သစ္စာမှာ သာ ကော်ဖီဆိုင်လေးထဲတွင် တစ်ယောက်တည်း။

ဒီလိုပါပဲ နက်နဲဆိုတာ သစ္စာအပေါ် ဘယ်တော့မှ အလျှော့မပေးဘဲ အမြဲအနိုင်ယူတတ်သော သစ္စာ၏ ချစ်ရပါသော သူငယ်ချင်း ကောင်းလေး ဖြစ်နေတော့လည်း သစ္စာမှာ ထုံးစံအတိုင်း အလျှော့ပေးကာ တစ်ကိုယ်တည်း ပြန်ခဲ့ရပါသည် ။

အိမ်ထဲ ဝင်လိုက်သည် နှင့် ဧည့်ခန်းကန့်လန့်ကာ နောက်ကွယ်မှ နေ၍ ယုယက ခေါင်းအသာထုတ်ကာ တိုးတိုးလေး လျှောက်လာရန် အချက်ပြ၏။ အိမ်ပြန်နောက်ကျခဲ့သော သစ္စာကြောင့် အိမ်တွင် ဒေါ်လေး ယောက်ယက် ခတ်နေခဲ့ပြီး ဖြစ်လိမ့်မည်။

ခြေသံဖွဖွနင်းရင်း ဒေါ်လေးအခန်းကို ဖြတ်ကာ ကိုယ့်အခန်းထဲကိုယ် ပြန်ရောက်မှ သက်ပြင်း ချနိုင်တော့သည် ။

"နင်က ဒီအချိန်ထိ ဘယ်တွေ သွားနေတာလဲ"

ယုယက ခုတင်ပေါ်ထိုင်ကာ သစ္စာ အင်္ကျီလဲနေသည် ကို ကြည့်ရင်း မေး၏။

"နက်နဲတို့ နဲ့ ကော်ဖီဆိုင်ထိုင်နေတာ၊ စကားကောင်းနေတာနဲ့ အချိန်လွန်သွားတာ"

"ထင်ပါတယ် ဒီကောင်ကြောင့်ပဲဆိုတာ၊ ဒီလောက်နောက်ကျ နေပြီဆိုတော့ သူပြန်လိုက်ပို့တာလား"

"ဟင့်အင်း ငါ့ဟာငါ ပြန်လာတာ"

"ဟာ နင်ဟာလေ ထားပါတော့ နင်က ဒီကောင့်ဆို အမြဲ အလျှော့ပေးနေတာပဲ၊ ဒါပေမဲ့ သူကရော နင့်ကို လိုက်ပို့ပေးမယ် တစ်ခွန်း မပြောဘူးလား"

"သူက မပို့ချင်လို့ မဟုတ်ပါဘူး၊ အိမ်သာတက်ချင်လို့ မပို့နိုင်တာပါ"

"တော်ပြီ နင့်ကို မပြောတော့ဘူးသိလား၊ ငါ အိပ်တော့မယ်"

ယုယက ခုတင်ပေါ်လှဲချကာ စောင်ခြုံရင်း တကယ်ပင် အိပ်တော့သည် ။ သစ္စာလည်း ကိုယ့်ခုတင်ပေါ် ကိုယ်တက်ကာ လှဲလိုက်သော်လည်း အိပ်ချင်စိတ်က မရှိ။ အတွေးထဲမှာ ရှိသည် က နက်နဲကိုပင်ဖြစ်သည် ။

ဘာကြောင့် ငါ့ကိုဆို အမြဲစိမ်းကားရတာလဲ နက်နဲရယ်။ နင့်အတွက်ဆို ဘာမဆို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေတတ်တဲ့ ငါ့အပေါ်ကိုမှ လုပ်ရက်တယ်။ နင့်ကိုဆို ငါ့ဘက်က အမြဲအရှုံးပေး ထားတာ ဘေးလူတွေတောင် သိကုန်ကြပါပြီ။ ကာယကံရှင် နင်ကတော့ ဥပေက္ခာပြုရက်တယ်နော်။

ငါ ဝမ်းနည်းလိုက်တာ။

အတွေးတို့ နှင့်အတူ မျက်ရည်စများ ပါ ရစ်ဝိုင်းလာ၏။ မျက်ခွံများကို မှိတ်ချပစ်လိုက်သည် ။ မငိုချင်ပါ။ ဒီတစ်ညတော့ မျက်ရည်မရှိဘဲ အိပ်ပါရစေ။

*****

"သစ္စာရှင်၊ ယုယကြင် ဟဲ့ နှစ်ယောက်စလုံး မထကြသေးဘူးလား၊

နာရီကိုလည်း ကြည့်ကြဦး၊ ဒီမနက် ကျောင်းရှိတယ်ဆို"

အခန်းဝမှ ဒေါ်လေး၏ အသံကျယ်ကျယ်ကြောင့် ယုယ လန့်နိုးလာကာ တစ်ဖက်ခုတင်တွင် အိပ်ပျော်နေဆဲဖြစ်သော သစ္စာကို ပြေးနှိုးရ၏။

"သစ္စာ သစ္စာ ဟဲ့ ထတော့ ရှစ်နာရီကျော်နေပြီ၊ IT သင်တန်းရှိတယ်လေ"

ထိုသို့ အတင်းလှုပ်နှိုးမှ သစ္စာမှာ ဝုန်းခနဲထကာ ရေချိုးခန်းထဲ ဝင်ပြေးတော့၏။ နှစ်ယောက်သား ရေမိုးချိုး အဝတ်အစားလဲပြီး ထမင်းစားခန်းသို့ ချီတက်ခဲ့ကြ၏။

စားပွဲပေါ်တွင် ကော်ဖီနှင့်မုန့်များ အဆင်သင့်ပြင်ကာ ထိုင်နေသော ဒေါ်လေးက သစ္စာကို စိုက်ကြည့်ရင်း ...

"သစ္စာရှင် လာပါဦး၊ ညက အိမ်ကို ဘယ်နှနာရီမှာ ပြန်ရောက်လဲ"

"ဟို ကိုးနာရီခွဲ ကျော်လောက်လေ"

"အဲဒါ အိမ်ပြန်ချိန်လား"

"သူငယ်ချင်း တစ်ယောက်က သူနားမလည်တဲ့ chapter တစ်ခု ရှင်းခိုင်းနေလို့ နောက်ကျသွားတာပါ ဒေါ်လေးရဲ့ ၊ အပြန် သူတို့လိုက်ပို့တာလေ"

ဒေါ်လေးဘာမှ မပြောတော့ပေမယ့် မျက်စောင်းကြီးတစ်ခုတော့ သစ္စာထံ ရောက်လာခဲ့၏။

"ယုယကြင် နှုတ်ခမ်းကို နီရဲတွတ်အောင် ဆိုးထားပြန်ပြီလား၊ သင်တန်းသွားမှာ လား ပျော်ပွဲစား သွားမှာ လား"

"ဟာ ဒေါ်လေးကလည်း ဟိုးအရင်ခေတ်ကတောင် နှုတ်ခမ်းကို မရဲ

ရဲအောင် ကွမ်းတွေ စားကြသေးတာပဲ၊ ခုဟာက အဆင်သင့်လေး ဆိုးရုံ ဟာကို"

သည် တော့မှ ပဲ ဒေါ်လေးဘာမှ ဆက်မပြောတော့ဘဲ တူမချော နှစ်ယောက်ကိုသာ စိတ်ညစ်ညူးဟန်နှင့် ကြည့်နေ၏။

သစ္စာရှင်နှင့် ယုယကြင်ဆိုသော ထိုအမြွှာ ညီအစ်မကိုမွေးပြီး တစ်လလောက်မှာ ဆုံးပါးသွားသော အစ်မကိုယ်စား ဒေါ်မြတ်နိုးခင်ကပင် တာဝန်ယူ စောင့်ရှောက်လာခဲ့ခြင်း ဖြစ်သည် ။

အစ်မ ဆုံးသွားခြင်းကြောင့် စိတ်ကို အရက်သောက်ခြင်းနှင့် ဖြေဖျောက်ခဲ့သော ခဲအိုမှာ လည်း သစ္စာတို့ အသက် လေးနှစ်အရွယ်မှာပင် ရတ်တရက် ဦးနှောက်သွေးကြော ပြတ်ကာ ကွယ်လွန်ခဲ့ပြန်တော့ ဒီ တူမ နှစ်ယောက်အား ဒေါ်မြတ်နိုးခင်ပင် အပျိုကြီးဘဝဖြင့် နေထိုင်ရင်း

ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တာ နှစ်ဆယ့်တစ်နှစ်ကျော်ပင် ရှိခဲ့လေပြီ။

"ဒေါ်လေး ဒီနေ့ ဆိုင်သွားမယ် မဟုတ်လား"

"မသွားလို့ ငါက ဘာလုပ်ရမှာ လဲ၊ နေ့တိုင်း သွားနေရတာကို"

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်၊ အနေအထိုင် ဆင်ခြင်နော်"

"သစ္စာရှင် ညည်းက ကျုပ်ကို ဆယ်ကျော်သက် မြီးကောင်ပေါက်လေး မှတ်နေလို့ လား"

ဗိုလ်ချုပ်ဈေးထဲတွင် မြန်မာ့လက်မှု ပစ္စည်းများ ဖြစ်သော ရွှေထည် ငွေထည် ယွန်းထည်တွေ ရောင်းသည့် ဆိုင်ကြီးဖွင့်ထားပြီး စီးပွားရေးကို ဦးစီးလုပ်ဆောင် နေသော်လည်း ဒေါ်လေးမှာ ဝတ်တတ် စားတတ်၍ စမတ်ကျသော လေးဆယ်စွန်းစွန်း အပျိုကြီး တစ်ယောက်သာ ဖြစ်သည်

။

"ဟုတ်တယ် ဒေါ်လေး သစ္စာပြောတာ မှန်တယ်၊ တော်ကြာ ဒေါ်လေးက အတွေ့အကြုံ မရှိတော့ အလိမ်ခံ နေရဦးမယ်၊ ခုခေတ် ကောင်လေးတွေက ခပ်လည်လည်ရယ်"

"ဟင် ညည်းတို့ နှစ်ယောက် ပြောလေ ကဲလေပါလား၊ သွား သွားကြတော့ သင်တန်းချိန် နီးနေပြီ"

"ဟားဟား ဟား ဒေါ်လေး အပျိုကြီးတော့ မျက်နှာကြီး ရဲနေပြီပေါ၊ သစ္စာ ငါတို့ လစ်ကြစို့ တော်ကြာ ဒီထက် ပေါက်ကွဲလာရင် သင်တန်း မရောက်ဘဲ ဆေးရုံရောက်နေဦးမယ်"

ဒေါ်လေးက ဟန်းဖုန်းနှင့် ကောက်ပေါက်မည့်ဟန် ရွယ်ထားသောကြောင့် နှစ်ယောက်သား မုန့်တွေ ပလုတ်ပလောင်း ထိုးသွင်းကာ ဒေါ်လေးနှင့်ဝေးရာသို့ လစ်ထွက်ခဲ့ကြ၏။

သင်တန်းက အိမ်နှင့် သိပ်မဝေးသည် မို့ သစ္စာရော ယုယပါ ပြိုင်ဘီးလေးများ ကိုယ်စီနှင့် ထွက်လာခဲ့ကြသည် ။ နှစ်ယောက်သား စက်ဘီးပြိုင်နင်းရင်း ယုယ၏ စက်ဘီးလေးက သစ္စာကို ကျော်တက်ကာ သင်တန်းရှေ့သို့ပင် ရောက်နေပေပြီ။

"ယုယ သစ္စာရော"

"ဒီနေ့တော့ သူရှုံးတယ်လေ၊ ငါ့နောက်မှာ ပေ့ါ"

သင်တန်းရှေ့ရှိ အုတ်ခုံလေးတွင် ထိုင်နေသော နက်နဲအမေးကို ယုယက ပြန်ဖြေရင်း တစ်ခေါင်းလုံး နီရဲအောင် ဆိုးထား၍ Victoria ပုံစံညှပ်ထားသော ဆံပင်အုပ်အုပ် လုံးလုံးလေးကို ခါကာ ထွက်သွားသည် ။

နက်နဲအနီးတွင် ထိုင်နေသော သူငယ်ချင်း သူရိန်က ...

"သူတို့ နှစ်ယောက်က တကယ့်ကို ခွဲမရအောင် ရုပ်တူကြတာနော်"

"ငါကတော့ ခွဲတတ်ပါတယ်ကွ"

"မင်းက ငယ်ငယ်တည်းက ပေါင်းလာတာပဲကွာ"

"ထူးတော့ ထူးဆန်းတယ်ကွ၊ ငါ့စိတ်ကိုက ဘယ်ဟာက သစ္စာ၊ ဘယ်ဟာက ယုယဆိုတာ အလိုလို သိနေတာ"

"ငါတို့ ကတော့ ဆံပင်အရောင်နဲ့ မှတ်ထားရတယ်၊ အငယ်မက အနီရဲရဲ၊ အကြီးမ သစ္စာက ရွှေဝါရောင် တောက်တောက်လေ၊ ဆံပင်ပုံစံ တစ်ပုံစံတည်းမှာ ကာလာ ခွဲဆိုးထားကြလို့ တော်သေးတာပေါ့ကွာ"

"မင်းတို့ မသိလို့ ပါ။ သူတို့ နှစ်ယောက်က ရုပ်တွေ အရပ်တွေ ခန္ဓာကိုယ် အသားအရောင်တွေ ဘယ်လောက်တူတူ စိတ်ဓာတ်တွေ အကြိုက်တွေ မတူတာ အများကြီးကွ"

"ဩော် မင်းက ငယ်ပေါင်းကိုးကွ၊ ဟော ဟိုမှာ သစ္စာလာနေပြီ"

သူရိန် ညွှန်ပြရာသို့ နက်က လှမ်းကြည့်ရင်း သစ္စာအား လက်လှမ်းပြကာ ပြုံးလိုက်မိ၏။

"ထူးထူးဆန်းဆန်း သင်တန်းထဲ မဝင်သေးဘဲ ဘာလုပ်နေကြတာလဲ၊ ဆရာတောင် ဝင်နေပြီလား မသိဘူး"

"မဝင်သေးပါဘူးဟာ၊ နင့်ကိုငါ စောင့်နေတာဟ"

"ဒါ ဆိုရင်တော့ ဘာကူညီရဦးမှာ လဲ နက်နဲ၊ နင်က အကြောင်းမရှိဘဲတော့ ငါ့ကိုစောင့်မှာ မဟုတ်ဘူး "

"နင်ကလည်း ဟာ ဒီသူငယ်ချင်းလေးပဲ ရှိလို့ အကူအညီတောင်းမှာကို ဟိုလေ မနေ့ကမှ သင်တန်းစတက်တဲ့ ကျောင်းသူသစ်နဲ့ ခင်အောင်

ပေါင်းလိုက်ပါလား"

"ဘာလုပ်ဖို့ လဲ"

"ပြီးရင် ငါနဲ့ မိတ်ဆက်ပေးလေ၊ ချစ်စရာလေးဟ"

"အောင်မာ ဒါများ ယုယကို အကူအညီတောင်းလည်း ရတာပဲဟာ"

"ယုယက နည်းနည်းမျက်နှာ တင်းတော့ နင်နဲ့ မှ ဆက်ဆံရေး ပိုပြေလည်မယ် ထင်လို့ ပါ၊ ကူညီပါဟာနော်"

သစ္စာ ရင်နာရပါသည် ။ သို့သော်လည်း ရည်းစားတွေများ လှသော ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေသော နက်နဲအတွက်တော့ ထိုသို့သော ကိစ္စမျိုးသည် ထမင်းစားရေသောက်သာ ရှိသည် မဟုတ်လား။

******

# အခန်း(၂)

"ဟိတ် စာတွေကူးပြီးပြီလား"

"မကူးရသေးဘူး အဲဒါ ဘယ်သူ့ဆီက စာလိုက်ကူးရင် ကောင်းမလဲ စဉ်းစားနေတာ"

ကျောင်းသူသစ်၏ နောက်တွင် ဝင်ထိုင်ကာ သစ္စာက စကားစလိုက်ခြင်းပင်။

"တို့ ဆီက ကူးလေ၊ အဆင်ပြေမယ်ဆိုရင်ပေါ့"

"တကယ်လား ကျေးဇူးတင်လိုက်တာ"

"ညနေအပြန် အိမ်လိုက်ခဲ့လေ၊ အိမ်မှာ လည်း စာအုပ်တွေ ရှိသေးတယ်"

"အားနာလိုက်တာဟယ်"

"မလိုပါဘူးဟာ တို့ နာမည် မှတ်ထား သစ္စာရှင်တဲ့ ၊ မင်း နာမည်ကရော"

"ပုလဲကြည် ဒါနဲ့ ဟိုတစ်ယောက်က နင်နဲ့ အမြွှာတွေလားဟင်"

ယုယကို လက်ညှိုးထိုးကာ မေးနေခြင်းဖြစ်၍ သစ္စာကလည်း ခေါင်းညိတ်ပြလိုက်ရင်း

"ဟုတ်တယ် သူကအငယ်လေ၊ ယုယကြင်တဲ့ "

"နင်တို့ က ရုပ်ချင်း ချွတ်စွပ်ပဲနော်၊ ဒါပေမဲ့ ဝတ်ပုံစားပုံတို့ ဆံပင်ကာလာတို့ ကျတော့ တစ်ခြားစီပဲ တမင်ခွဲထားတာလား"

"ဘယ်ကလာ ခွဲထားရမှာ လဲ၊ သူကြိုက်တာ သူလုပ်နေတာ၊ ငါကလည်း ငါကြိုက်တာ ငါလုပ်တယ်၊ အကြိုက်ချင်း တူတာတွေ ရှိပေမယ့် မတူတာက ပိုများ တယ်လေ"

"နင်တို့ နှစ်ယောက်အကြောင်းက စိတ်ဝင်စားစရာ ကောင်းမယ့်ပုံပဲ "

"လူတိုင်းက ကိုယ့်ဘဝနဲ့ ကိုယ်တော့ စိတ်ဝင်စားစရာတွေ ရှိနေကြတာပါဟာ၊ ဟော ဟိုမှာ ဆရာလာနေပြီ၊ အပြန်ကျ စောနေလေ"

ပုလဲကြည် ခေါင်းညိတ်ပြကာ စောင့်နေမယ်ဆိုမှ သစ္စာလည်း ကိုယ့်နေရာကိုယ် ပြန်လာထိုင်လိုက်၏။

"သစ္စာ နင်ဘာတွေ သွားပြောနေတာလဲ"

ယုယက သစ္စာမျက်နှာကို စူးစူးစမ်းစမ်း ကြည့်ရင်းမေး၏။

ထိုစဉ်မှာ ပင် နက်နဲက သူ့နေရာမှ နေကာ ဘယ်လိုလဲဟု အသံတိတ်

လှမ်းမေးနေသောကြောင့် သစ္စာက လက်မထောင် ပြလိုက်ရသေးသည် ။

"နက်နဲ နင်တို့ ဘာတွေ ရှုပ်ရှုပ်ယှက်ယှက် လုပ်ခိုင်းနေပြန်ပြီလဲ သစ္စာ"

ယုယအမေးက တိကျပြတ်သားစွာ ထွက်လာ၏။

"ဘာမှ မခိုင်းပါဘူးဟာ၊ ဟိုကောင်မလေးက ကျောင်းသူသစ်မို့ စာတွေကူးချင်ရင် ငါ့ဆီက ယူဖို့ ငါ့စိတ်ကူးနဲ့ ငါ သွားပြောတာပါ၊ ဒီညနေ အိမ်မှာ စာအုပ်တွေ လိုက်ယူဖို့ တောင် ပြောပြီးပြီ၊ နက်နဲနဲ့ ဘာမှ မဆိုင်ပါဘူး"

သစ္စာ၏ ဖြေရှင်းချက်ကို ယုယက သိပ်တော့ ယုံကြည်ပုံမပြ။ ညီအစ်မ နှစ်ယောက်လုံး ပျော်ပျော်နေတတ်ကြပေမယ့် သစ္စာအတွက်ကတော့ နက်နဲနှင့် ပတ်သက်လာလျှင် သိပ်ပြီးပျော်စရာ မရှိတတ်တာ နားလည်နေသော ယုယ၊ နက်နဲဖြစ်ချင်တာဆို ဘာမဆို ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေတတ်တဲ့ သစ္စာအကြောင်းကို သိနေသော ယုယက မယုံတာ မဆန်းပါဘူးလေ။

သစ္စာဆိုတာ နက်နဲအပေါ်မှာ အမြဲရှုံးပြီးသားပါ။ သစ္စာမှာ လည်း အတ္တတို့ မာနတို့ ရှိပါသည် ။ ဒါပေမဲ့ နက်နဲ ရှေ့ရောက်ရင်တော့ ဒါတွေဟာ ရေငွေ့တွေလို အငွေ့ပျံ၍ လွင့်ထွက်သွားစမြဲ။

ယုယက ဒီအကြောင်းတွေသိ၍ သစ္စာကို အကြိမ်ကြိမ် တားမြစ်သတိပေးဖူးပေမယ့် မရခဲ့။ သစ္စာရဲ့ တစ်ဖက်သတ် ဆန်ဆန် အရှုံးတွေ တစ်ပွေ့တစ်ပိုက်နဲ့ နက်နဲကို ချစ်မိသော အချစ်က ဟိုးငယ်စဉ် ဘဝတည်းက ဖြစ်သည် ။

"နင် ကျောင်းဆင်းရင် အိမ်တန်းပြန်မှာ မဟုတ်လား၊ ဒေါ်လေးကို ငါ နောက်ကျမယ်လို့ ပြောလိုက်"

ဆရာက စာသင်နေ၍ ယုယက လေသံလေးနှင့် လှမ်းပြောသည် ။ သစ္စာကလည်း ခပ်တိုးတိုး ပြန်မေးရ၏။

"ဘယ်သွားမလို့ လဲ"

ယုယက လက်ချောင်းလေးများကို လှုပ်ကာ ကွန်ပျူတာနှိပ်သည့်ဟန် လုပ်ပြသည် ။ ဒါဆို သူ အင်တာနက်ဆိုင် သွားမယ်ဟု ဆိုလိုခြင်းဖြစ်သည် ။ ယုယက အင်တာနက်ဆိုင်သို့ မကြာခဏသွားကာ chatting ဝင်ခြင်းကို စိတ်ပါသလောက် သစ္စာကတော့ လိုအပ်မှ သာ အင်တာနက်ဝင်သုံးရင်း တစ်ခါတစ်ရံ chatting ဝင်ဖြစ်သည် ။

ထိုညနေက သစ္စာအိမ်အပြန်၌ ပုလဲကြည်ပါ လိုက်လာသည် ။

"ပုလဲကြည် တို့ ဗိုက်ဆာတယ်ကွာ၊ ဆိုင်တစ်ဆိုင်မှာ ထိုင်ရအောင်၊ အချိန်ရတယ် မဟုတ်လား၊ တို့ အိမ်ရောက်တော့မှာ ပါ"

ပုလဲကြည်က အသာတကြည် ခေါင်းညိတ်ပြ၍ သစ္စာ ထိုင်နေကျ ဆိုင်လေးထဲသို့ လှမ်းဝင်ခဲ့လိုက်၏။ တကယ်တမ်းတော့ ဤဆိုင်တွင် နက်နဲတို့ နှင့် ကြုံချိန်းပြီးသား ဖြစ်သည် ။

သစ္စာက ဆိုင်ပြင်ထုတ်ထားသော ဝိုင်းတစ်ခုတွင် ဝင်ထိုင်ရင်း နက်နဲတို့ ကို မျက်လုံးဝေ့ဝဲ ရှာမိသေးသည် ။ သစ္စာ ဗိုက်ဆာသည် ဟု အကြောင်းပြထားသောကြောင့် ကော်ဖီတစ်ခွက်နှင့်အတူ ထမင်းပေါင်း တစ်ပွဲပါ မှာ စားပြရသေး၏။

ပုလဲကြည်ကတော့ ထမင်းသုပ် မှာ နေဆဲမှာ ပင် ဆိုင်ထဲမှ နက်နဲ ထွက်လာကာ သစ္စာတို့ ဝိုင်းတွင် ဝင်ထိုင်သည် ။

"သစ္စာ အိမ်မပြန်သေးပါလား"

"အေး ဗိုက်ဆာလို့ ဟ၊ နင်ရော ဘာလုပ်နေတာလဲ၊ တစ်ယောက်တည်းလား"

"ကော်ဖီလာဆွဲတာဟ အထဲမှာ သူရိန်ပါတယ်"

ပြောနေရင်းမှာ ပင် သူရိန်ကပါ သစ္စာတို့ ဝိုင်းတွင် ဝင်ထိုင်လိုက်၏။

ပုလဲကြည်ကတော့ သူတို့ နှစ်ယောက်ကို စူးစမ်းသလို ကြည့်နေသည် ။

"သြော် ပုလဲကို မိတ်ဆက် ပေးရဦးမယ်၊ ဒါက သစ္စာ သူငယ်ချင်းတွေလေ၊ သူက နက်နဲ၊ ဒီဘက်က သူရိန်တဲ့ ၊ ကျောင်းကပဲလေ"

"ပုလဲ မြင်ဖူးပါတယ်"

သူတို့ ကို မှတ်မိနေ၍ နက်နဲ မျက်နှာက ကျေနပ်သွားသယောင် ရှိပေမယ့် သစ္စာအတွက်ကတော့ ဒီပုလဲကြည်ဆိုတဲ့ ကောင်မလေးဟာ ဘာကြောင့်များ နက်နဲတို့ ကိုမှ မှတ်မိနေရတာလဲဟု စောဒက တက်ချင်နေမိ၏။

အင်းလေ နက်နဲ ဆိုတာကလည်း သာမန်မထင်မရှား ရုပ်ရည်မျိုးမှ မဟုတ်တာ။ သွေးကြောမျှင်လေးများ ပေါ်နေသည် အထိ ဖြူဖွေးနုနေသော အသားအရေ၊ ခြောက်ပေနီးပါးရှိသော အရပ်အမောင်း၊ ယောကျ်ားတန်မဲ့ ဖြောင့်စင်းအိကျနေသော ဆံပင်ရွှေရောင်လေးများကလည်း ပခုံးကို ကျော်လုလုဖြစ်ကာ သူ့အသားအရောင်လေးနှင့် ဟပ်နေအောင် ထင်းခနဲ ဖြစ်စေသည် ။

"နင်ကလည်း တစ်ဖက်တည်း မိတ်ဆက် ပေးတာလား၊ သူ့ နာမည်လည်း မိတ်ဆက်ပေးဦးလေ"

နက်နဲက ပုလဲကို လက်ညှိုးထိုးကာ တောင်းဆို၏။ သစ္စာက အကဲပိုရန်ကောဟူသော ပုံနှင့် မျက်စောင်းလှမ်းထိုး လိုက်မိသည် ။

"ဆက်ပေးမှာ ပါ သူက ပုလဲကြည်တဲ့ ၊ ယောက်လမ်းမှာ နေတယ်၊ မနေ့ကမှ ကျောင်းစတက်တာလေ၊ မမီတဲ့ စာတွေ လိုက်ကူးမယ်ဆိုလို့ အိမ်ခေါ်လာတာ"

"ဟုတ်ကဲ့ nice to meet you နော် ပုလဲကြည်၊ တစ်တန်းတည်းသား

တွေပဲ ရင်းရင်းနှီးနှီးပေါ့"

"ပုလဲကလည်း ဒီလို သူငယ်ချင်းတွေရတာ ဝမ်းသာပါတယ်"

ထိုညနေက သစ္စာတို့ အိမ်အောက်ထိ နက်နဲက လိုက်ပို့ပေးသည် ။ တစ်ခါတလေများ သစ္စာက အာပေါက်မတတ် လိုက်ပို့ပေးရန် တောင်းဆိုဖူးတာတွေကိုတော့ အကြောင်းအမျိုးမျိုး ပြကာ ငြင်းပယ်ခဲ့ပေမယ့် ဒီတစ်ခါ ပုလဲကြည် ပါလာတော့မှ ဘာလို့ လိုက်ပို့ပေးသတဲ့ လဲ။

မစဉ်းစားမိအောင် နေချင်ပါသည် ။ သစ္စာ ရင်နာရလွန်းလို့ ပါ။

*****

သစ္စာရှင်ဆိုတာ ထုံထုံအအနှင့် ပျော့ညံ့တတ်သော မိန်းကလေးတော့ မဟုတ်ပါ။ နက်နဲ ရှေ့ရောက်မှ သာ ရှိသမျှ မာန အစိုင်အခဲတွေ အရည်ပျော်ကျရတာ ဖြစ်သည် ။

တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ်ပင် အမြင်ကပ်မိသည် အထိ နက်နဲကို အနိုင်တွေ ပေးထားခဲ့မိတာ အဲဒါ သိပ်ချစ်လို့ ဆိုတာ လူတွေနားလည် ပေးနိုင်လျှင် သိပ်ကောင်းမည်။

အထူးသဖြင့် သစ္စာ၏ အမြွှာညီမယုယ။

"ခုတလော ကျောင်းမှာ နက်နဲနဲ့ ပုလဲကြည် အတွဲမိနေသလဲ"

ယုယက သစ္စာကို မသိမသာကြည့်ကာ စူးစမ်း၏။ သစ္စာ သက်ပြင်းချမိသည် ။ နက်နဲတို့ နှစ်ယောက် ဒီရက်ပိုင်းလေးအတွင်း ဒီလောက် ရင်းနှီးသွားတာ သစ္စာကိုယ်တိုင်တောင် အံ့ဩနေရသည် ။

"အဲဒီလို ရင်းနှီးသွားအောင် နင်ကူညီလိုက်တာ မဟုတ်လား သစ္စာ"

"ဟုတ်ပါတယ် ဒါပေမဲ့ ဒီလိုအခြေအနေတွေ မြင်နေရတာ ငါစိတ်ချမ်းသာတယ် ထင်လို့ လား ယုယရယ်"

"သိတယ်လေ နင့်ရင်ထဲမှာ သေလောက်အောင် သဝန်တိုနေတာ ငါသိတာပေါ့။ အဲဒါတွေ နင့်ကိုငါ တကယ်ကြည့်မရဘူး၊ ကိုယ်ခံစားရမှာ သိသိချည်းနဲ့ များ ဒီကောင်ခိုင်းသမျှ လုပ်ပေးနေတယ်၊ သူက ဘယ်လောက်တောင် အဖိုးတန်နေလို့ လဲ ယောကျ်ားမရှားပါဘူး သစ္စာရာ"

ယုယက ဒေါနှင့်မာန်နှင့် ပြောနေသမျှ သစ္စာက မျက်နှာငယ်ကာ နားထောင်ရသည် ။ နက်နဲရယ် ဒါတွေ နင်မြင်ပါဦး။

"ခုလက်ရှိ နင်တွဲနေတဲ့ ဗညားရံဆိုရင် ဘယ်လောက်မိုက်လဲ၊ ရုပ်ရည်ကလည်း ပြောစရာမလိုဘူး၊ ကိုယ်ပိုင်လုပ်ငန်း တစ်ခုနဲ့ ငွေကလည်း ကျိကျိတက် ချမ်းသာတယ်၊ နင်ထားလာသမျှ ရည်းစားတွေထဲမှာ အမိုက်ဆုံးပဲ၊ နက်နဲကိုမေ့ပြီး သူ့ကိုသာ အတည်သတ်မှတ် လိုက်တော့ဟာ"

သစ္စာအတွေးထဲ ဗညားရံ ပုံရိပ်က ဖျတ်ခနဲ ပေါ်လာသည် ။ ဗညားရံဆိုတာ မိန်းကလေးတိုင်း နှစ်သက်နိုင်လောက်သော အရည်အချင်းတွေနဲ့ ယောကျ်ားတစ်ယောက်မို့ သစ္စာလည်း သဘောကျပါသည် ။ ဒါကြောင့် ရည်းစားအဖြစ် လက်ခံခဲ့တာပေါ့။ ပြီးတော့ ချစ်ဖို့ လည်း ကြိုးစားကြည့်ခဲ့ဖူးပါသည် ။

နက်နဲဆိုတဲ့ လူတစ်ယောက်ကြောင့် ကြိုးစားသမျှတွေကတော့ အရာ မထင်တတ်ခဲ့ပါ။

"နင့်လူနဲ့ ရော တွေ့ဖြစ်သေးလား ယုယ"

"ဟင့်အင်းငါ သူ့ကို ဖြတ်တော့မလို့ "

ယုယက ထိုစကားကို အေးဆေး တည်ငြိမ်စွာပြော၏။ သစ္စာမှာ သာ

အလန့်တကြား ဖြစ်မိကာ

"ဟင် တကယ်ကြီးလား ဘာဖြစ်လို့ ဖြတ်မှာ လဲဟာ"

"သူ ငါ့အတွက် အချိန်မပေးနိုင်ဘူး၊ သူ့အခွေဆိုင် အတွက်ပဲ အချိန်ပေးနေတယ်လေ"

"ဒါက သူ့အလုပ်လေဟာ နင် နားလည်ပေးလိုက်ပါ"

"နားလည်ပေးတာ ကြာပြီပဲ၊ ခုတော့ သည်းမခံနိုင်တော့ဘူး၊ တစ်နေ့နေ့တော့ အားနိုးအားနိုးနဲ့ ဖြစ်မလာဘူး၊ မိုးလင်းတာနဲ့ ခွေထွက်သမ္မ လိုက်ဝယ်၊ နေ့လယ်ကျတော့ ပင်ပန်းလို့ နားတယ်တဲ့ ၊ ဟော ညနေကနေ မိုးချုပ်ထိက ဆိုင်ထိုင်တယ်၊ ဘယ်မှာ လဲ ငါ့အတွက် အချိန်"

"နင် တကယ် ပြတ်နိုင်လား၊ စဉ်းစားနော် ယုယ"

သစ္စာက ဖေးဖေးမမ မေးနေသော်လည်း ယုယတစ်ယောက်ကတော့ ခေါင်းတစ်ခါခါ လက်တစ်ခါခါလုပ်ကာ အခန်းထဲမှ ထွက်သွားသည် ။ သစ္စာလည်း ကော်ဖီကုန်သွား၍ ထပ်ယူရန် အခန်းပြင်ထွက်ခဲ့လိုက်၏။

သတင်းစာဖတ်နေသော ဒေါ်လေးနားတွင် ထိုင်ကာ ယုယတစ်ယောက် ဘာတွေတွတ်ထိုး နေပြန်သည် မသိ။

"သစ္စာရေ ညည်းရော ဘယ်လိုလဲ"

"ဟင် ဘာကိုလဲ ဒေါ်လေးရဲ့ "

အဆက်အစပ်မရှိသော ဒေါ်လေး အမေးကြောင့် သစ္စာမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဒီမှာ မိယုက ကျုပ်လိုအပျိုကြီး လုပ်မလို့ တဲ့ ယောကျ်ားတွေက မကောင်းဘူးဆိုလား ဘာဆိုလား လာပြောနေတယ်ဟဲ့"

ယုယက ဇက်ကလေးပုကာ လျှာထုတ်ပြောင်ပြ နေသေး၏။

သစ္စာကတော့ မျက်စောင်းကြီးတစ်ခု လှမ်းထိုးလိုက်ရင်း မဲ့ရွဲ့ပြလိုက်မိ၏။

"သစ္စာကတော့ ကိုယ်ချစ်တဲ့ သူကို ပိုင်ဆိုင်ရမှ အိမ်ထောင်ပြုမယ်၊ မဟုတ်ရင်တော့ အပျိုကြီးဘဝနဲ့ ပဲ အရိုးထုတ်မလားလို့ ၊ တူဝရီးသုံးယောက်လုံး အပျိုကြီးတွေဆိုတော့ ပိုကောင်းတာပေါ့"

"ဟုတ်တယ် ဟုတ်တယ် ယုယ အပျိုကြီးလုပ်မယ် ဆိုတာလည်း ကိုယ်ချစ်တဲ့ သူ မတွေ့မှ လုပ်မှာ ၊ တွေ့ရင်တော့ ဟီး ဟီး"

"တယ် ဒီကောင်မလေးတွေ"

ဒေါ်လေးက ယုယခေါင်းကို ဖွဖွခေါက်၏။ နှစ်ယောက်သား ထမင်းစားခန်းထဲသို့ အမြန်ပြေးဝင်လာရသည် ။ ဒေါ်လေးကတော့ ဘာတွေမှန်းမသိ ပွစိပွစိ ရေရွတ်ရင်း ကျန်ခဲ့လေ၏။

*****

# အခန်း (၃)

တစ်ညနေ သစ္စာတစ်ယောက်တည်း Super Market တစ်ခုမှ ပြန်အလာ ထိုင်နေကျ ဆိုင်လေးရှေ့မှ ဖြတ်လျှောက်မိတော့ ဆိုင်ထဲတွင် ဂစ်တာထိုင်တီးနေသော နက်နဲတို့ အုပ်စုနှင့် တိုးသည် ။ သစ္စာကိုမြင်တော့ နက်နဲက ဆိုင်ပြင်ထွက်လာကာ

"သစ္စာ နင့်ကို အကူအညီတောင်းစရာရှိတယ်"

နက်နဲအပြောကြောင့် သစ္စာ ရင်ထိတ်သွားရသည် ။ တခြားကြောင့်တော့ မဟုတ်။ ဘယ်ကောင်မလေးနဲ့ ပတ်သက်ပြီးတော့များ ဘာတွေလုပ်ခိုင်းဦးမလဲဟု တွေးပူလိုက်ခြင်းပင်။

"ဘာအကူအညီလဲဟင်"

" လာလေ ကော်ဖီလေး ဘာလေး သောက်ရင်း ပြောကြတာပေ့ါ"

နက်နဲ စကားဆို ဘယ်တော့မှ မငြင်းတတ်ခဲ့သော သစ္စာ ခြေလှမ်းများ သည် ဆိုင်ထဲသို့ လှမ်းမိလျက်သားပင်။

"သစ္စာရှင် နင်ခုတလော ငါတို့ ကောင်ကြီးကို ဘာလို့ ပစ်ထားတာလဲ
"

တစ်ခန်းတည်းသား သူငယ်ချင်းတွေ ဖြစ်သောကြောင့် သစ္စာကို တရင်းတနှီး စလိုက်ခြင်း ဖြစ်သည် ။ နက်နဲနဲ့ သစ္စာဆိုတာ သူတို့ တွဲစရာ

လူနှစ်ယောက်ဖြစ်ခဲ့တာ ကြာလှပေါ့။

ဒါကြောင့်လည်း ကျိမ်းကျေနေတာ များ လားမသိ။ တစ်ခါတလေ တော့လည်း စိတ်ချဉ်ပေါက်ပေါက်နှင့် ထိုသို့ တွေးမိသည် လေ။

"ငါက ပစ်မထားပါဘူး၊ နင်တို့ လူကသာ ငါ့ကိုပစ်ပြီး ပျော်နေတာပါ "

"ဩော် ဒါဆို ဒီကောင်က ငါးစိမ်းမြင် ငါးကင်ပစ်တာပေါ့လေ"

"အသစ်တွေ့လို့ အဟောင်း မေ့တာပါကွာ"

"နောက်မှ ပေါက်တဲ့ ချွေကြာပင်ကို"

"တော်ကြပါတော့ဟယ် နင်တို့ အစား ကြားထဲက ငါမောလာပြီ"

သစ္စာ ဝင်တားလိုက်မှ အားလုံးပြုံးစိစိလုပ်ကာ ပါးစပ်ပိတ်သွားကြ၏။ နက်နဲကတော့ အစတည်းက မပြုံးချင်ပြုံးချင် ပုံစံမျိုးနှင့်သာ သစ္စာ အတွက် ကော်ဖီခွက် ရှေ့ရောက်လာသည် အထိ နက်နဲက စကားမစ သေး။

"နက်နဲ အကူအညီ တောင်းမလို့ ဆို ဘာလဲ ပြော"

"အေး ဒီလိုဟ ငါတို့ ပဲခူးမှာ အမျိုးတွေရှိတာ နင်သိတယ်မဟုတ် လား"

"သိသားပဲ နင့်အဒေါ်တွေလေ"

"ဟုတ်တယ် အဲဒါ သူတို့ ဆီကို ငါ့အမေက ပစ္စည်းတချို့ လူကြုံပါးချ င်နေတယ်"

"အဲဒီတော့ ငါက ဘာလဲ ပဲခူးထိ သွားပေးရမှာ လား"

သစ္စာက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် မေးဖြစ်သည် ။

"ဟာ မဟုတ်ပါဘူး မင်္ဂလာဒုံတင်ပါ၊ အဲဒီက ငါတို့ မိတ်ဆွေ တစ်ယောက် ပဲခူးသွားမှာ ၊ သူ့ကို ပစ္စည်းလေးတွေ နင်က သွားပို့ပေး ဖြစ်တယ်မဟုတ်လား"

"ငါတစ်ယောက်တည်းလား"

"ကူညီပါဟာ ငါဘယ်လိုမှ မအားလို့ ပါ"

"နင်က ဘာတွေများ အရေးကြီး ကိစ္စရှိလို့ လဲ"

"နင်က မကူညီနိုင်ဘူးဆိုလည်း နေဟာ"

ထိုသို့ ထစ်ခနဲရှိ စိတ်ဆိုးတတ်တာက ရှိသေးသည် ။ အဲဒီလိုကျတော့လည်း အလျှော့ပေးလိုက်ရသူက ထုံးစံအတိုင်း သစ္စာရှင်ပါပဲ။

"ကဲပါ ကူညီပါ့မယ် ဘယ်နေ့သွားရမှာ လဲ၊ နေရာလည်း အတိအကျ ပြောဦး"

"ဒီမှာ လိပ်စာကတ် သွားရမှာ ကတော့ မနက်ဖြန်လောက်ဆို အကောင်းဆုံးပဲ"

*****

"နင်က ဘာကိစ္စနဲ့ မင်္ဂလာဒုံသွားမှာ လဲ သစ္စာ"

"ဟိုဟာ ဟိုလေဟာ ဆရာမပေါ့၊ ဟိုက အထုပ်တွေကို သွားပို့ခိုင်းလို့ ပစ္စည်းတွေက ဒီနေ့ပို့မှ ရမှာ တဲ့ ၊ သူကလည်း ဒီနေ့အစည်းအဝေး ရှိနေတော့ ငါ့ကိုအကူအညီ တောင်းတာပါ"

မနေ့ညက အိမ်ချက်ချင်းပြန်ကာ ပစ္စည်းတွေယူ၍ လာပေးသော နက်နဲနှင့် ဒေါ်လေးရော ယုယပါ မဆုံဖြစ်လိုက်ကြ။ နှစ်ယောက်လုံး အိပ်

ပျော်နေကြပြီ။

နက်နဲကိစ္စနှင့်သာ မင်္ဂလာဒုံထိ သွားသည် ဆိုလျှင် ယုယ၏ ဆူပူ ကြိမ်းမောင်းမှုကို သစ္စာ ခံနိုင်ရည်ရှိမည် မထင်။ ယုယက ပစ္စည်းထုပ်များကို လှမ်းကြည့်ရင်း

"ဟုတ်လား ငါဘာလို့ မသိတာလဲ၊ တစ်တန်းတည်း တက်ကြတာပဲ ဟာ"

ယုယ၏ မေးခွန်းတွေက သံသယတွေ အပြည့်ဆိုတာ သစ္စာ သတိထားလိုက်မိသည် ။

"မနေ့က ငါတစ်ယောက်တည်း ကော်ရစ်ဒါမှာ ရပ်နေတုန်း လာပြောသွားတာ၊ နင်ဘယ်လိုလုပ် သိမှာ လဲ"

သစ္စာက ခပ်ပြတ်ပြတ်ပြောလိုက်ကာ ဂျင်းဘောင်းဘီရှည်လေး ကောက်စွပ်လိုက်၏။

ဝတ်စား ပြင်ဆင်ပြီးတော့ နေ့လယ် ဆယ့်တစ်နာရီပင် ထိုးတော့မည်။ ဆိုင်သွားထိုင်နေသော ဒေါ်လေးဆီ ဖုန်းလှမ်းခေါ်လိုက်၏။

"ဒေါ်လေးရေ သစ္စာ အရေးကြီးကိစ္စ တစ်ခုရှိလို့ အပြင်းသွားရမယ်၊ အဲဒါ ကားပြန်လွှတ်ပေးပါနော်"

"ဘာကိစ္စလဲ သစ္စာရဲ့ "

"ဆရာမ ခိုင်းထားတဲ့ ကိစ္စလေးတစ်ခုပါ၊ ကားလွှတ်ပေးဖို့ အဆင်ပြေတယ် မဟုတ်လား ဒေါ်လေး"

"ရပါတယ် ညနေအပြန် တက္ကစီ စီးလိုက်လည်း ဖြစ်ပါတယ်"

"ဒရိုင်ဘာကို အိမ်ပြန်လွှတ်လိုက်မယ်နော်၊ သစ္စာဘာသာပဲ မောင်း

သွားမယ်"

"ဟဲ ဖြစ်ရဲ့ လား၊ ဘယ်ထိလဲ"

"မင်္ဂလာဒုံ"

"ဟာ ဒီလောက်အဝေးကြီး ယုယပါမှာ လား"

" မပါဘူး၊ သစ္စာ တစ်ယောက်တည်း"

"မဖြစ်ပါဘူး ဒရိုင်ဘာကို ပို့ခိုင်း"

"ဖြစ်ပါတယ် ဒေါ်လေးရဲ့ ၊ ဘာမှ စိတ်ပူမနေနဲ့ ၊ ကားသာ ချက်ချင်း လွှတ် ပေးလိုက်နော်၊ ဒါပဲနော် ဒေါ်လေး ဘိုင်ဘိုင်"

သစ္စာက ဖုန်းကို အမြန်ပိတ်ပစ်လိုက်၏။ ပြီးမှ သက်ပြင်းလေး ချပစ် သည် ။ ဖုန်းသာ ဆက်ကိုင်ထားလျှင် ဒေါ်လေးက မိန့်ခွန်းခြွေလို့ ပြီးမှာ မဟုတ်တော့။

မိနစ်ပိုင်းအတွင်းမှာ ပင် Mark II ကားနက်ကလေး အိမ်အောက်သို့ ရောက်လာသည် ။ သစ္စာ အပြေးကလေး လှမ်းသွားတော့ ဒရိုင်ဘာ ဦး လေးကြီးက အလိုက်သင့်ပင် ကားထဲမှ ထွက်ပေး၏။ သစ္စာကားထဲ ဝင် ထိုင်လိုက်စဉ်မှာ ပင်

"အစ်မကြီးက မှာ လိုက်ပါတယ်၊ ကားကိုသေချာ ဂရုစိုက်ပြီး မောင်း ပါတဲ့ "

"အင်းပါ"

သစ္စာ ကားလေးကို အမြန်မောင်းထွက်ခဲ့လိုက်သည် ။ လိပ်စာကတ်

ကလေးထဲမှ အိမ်သို့ ရောက်တော့ နေ့လယ်တစ်နာရီ ကျော်နေလေပြီ။

နက်နဲ ပေးခိုင်းသည့် ပစ္စည်းများ ပေးပြီး၍ ထိုအိမ်ထဲမှ ပြန်ထွက်လာစဉ်

"ဟဲ့ သစ္စာ ဟုတ်တယ် မဟုတ်လား"

"ဟယ် ရွှေစင် နင်က ငါ့ကို မမှတ်မိဘူးလား"

"ငါ မမှတ်မိဘူးဆိုတာက နင်နဲ့ ယုယကို မှားမှာ စိုးတာပါ"

တက္ကသိုလ်တုန်းက တစ်မေဂျာတည်း တက်ခဲ့သော သူငယ်ချင်းမ ရွှေစင်နှင့် အမှတ်မထင် ပြန်တွေ့ကြခြင်း ဖြစ်သည် ။

"နင်က ဒီမှာ နေတာလား"

"အေး ဟုတ်တယ်လေဟာ၊ နင်ကရော ဘာလာလုပ်တာလဲ"

"ဒီနားက အိမ်တစ်အိမ်မှာ လူကြုံပါးဖို့ ပစ္စည်းလာပေးတာဟ"

"ဘယ်သွားစရာ ရှိသေးလဲ"

"ဘယ်မှ တော့ သွားစရာမရှိဘူး၊ အိမ်ပြန်ဖို့ ပဲ"

"ဒါဆို ငါ့အိမ်ခဏလိုက်ခဲ့ပါလား"

"ဟိုလေ "

သစ္စာငြင်းရန် ကြိုးစားလိုက်မိ၏။ တခြားကြောင့်တော့ မဟုတ်။

ဒေါ်လေး စိတ်ပူနေမည်စိုး၍

"ခဏလိုက်ခဲ့စမ်းပါဟာ၊ ငါ့အမျိုးသားနဲ့ မိတ်ဆက်ပေးချင်လို့ "

"ဘာရယ် ဘယ်လို ရွှေစင် နင်က အိမ်ထောင်ကျသွားပြီလား"

သစ္စာ တကယ့်ကို အံ့သြတကြီးနှင့် မေးမိခြင်း ဖြစ်၏။

"အေး ယူလိုက်တာ ငါးလလောက်ရှိပြီ၊ အခု ဒီမှာ က သူ့အိမ်လေ၊ လိုက်ခဲ့ပါဟာနော်၊ အိမ်မှာ က သူရယ်ငါရယ် သူ့အမေရယ်ပဲရှိတာ"

မထင်မှတ်ထားပါဘဲ အိမ်ထောင်ကျသွားပြီဆိုသော သူငယ်ချင်းကို ကြည့်ကာ သစ္စာတစ်ယောက် ငြင်းရန်ပင် သတိမရတော့။ ရွှေစင်က ပြောပြောဆိုဆို အတင်းဆွဲခေါ်နေသည် ။

"ကဲ ထိုင် သစ္စာ ဘာစားမလဲ"

"ဟယ် ဘာမှ မလုပ်နဲ့ "

"ဘယ်ဟုတ်မလဲ ငါ အတင်းခေါ်လာတာပဲဟာ၊ လက်ဖက်သုပ် လုပ်လိုက်မယ်၊ ရေနွေးကြမ်းလေးနဲ့ ဆို ရှယ်ပဲ၊ ခဏလေးနော်၊ ငါ အမျိုးသား ရေချိုးနေလို့ ဟ၊ ထွက်လာရင် မိတ်ဆက်ပေးမယ်"

ရွှေစင် တစ်ယောက်တည်း စကားတွေ အော်ပြောကာ အိမ်နောက်ဖေးဝင်သွား၏။ သူငယ်ချင်းကို ဒုက္ခပေးမိသလို ဖြစ်နေပြီနှင့်တူသည် ။

သို့သော် ယောက်ျားရသွားသော သူငယ်ချင်းကို စပ်စပ်စုစု မေးချင်ကြသော ဝါသနာက မိန်းကလေးတိုင်းမှာ ရှိနေလေတော့လည်း ...

"ရော့ ဒီမှာ ချဉ်စပ်ကလေး သုပ်လာတယ်၊ နင် ငရုပ်သီး ကြိုက်မှန်း သိလို့ စပ်စပ်ကလေး လုပ် လာပြီးသား စား၊ စားရင်းနဲ့ အေးဆေး စကားပြောကြတာပေါ့"

သစ္စာက လက်ဖက်တစ်ဇွန်း ခပ်စားလိုက်၏။ ထိုစဉ် ရေချိုးပြီးစ မျက်နှာကို ပဝါကြီးသုတ်ရင်း ရွှေစင် အမျိုးသား ထွက်လာသည် ။

"ဟော ကို လာဒီမှာ ရွှေစင်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့ ၊ သစ္စာ ဒါက ငါ့အမျိုးသား ကိုမျိုးသော်တဲ့ "

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မက သစ္စာရှင်ပါ"

"ဟုတ်ကဲ့ ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်"

"မိန်းမရေ ကိုယ်အပြင်ခဏ သွားလိုက်ဦးမယ် သိလား၊ ဘာ ဝယ် လာရမလဲ"

"သွား သွား ဒီမှာ သူငယ်ချင်းရှိနေတော့ မပျင်းတော့ဘူး၊ ပြန်လာရင် ဆီချက်ဝယ်ခဲ့နော်"

ကိုမျိုးသော်ဆိုသူက အိမ်ခန်းထဲဝင်ကာ အင်္ကျီလဲရင်း ထွက်သွား၏။ ရွှေစင့်ယောက်ျားမကတော့ အပေါ်ထပ်တွင် အိပ်နေသည် ဆို၍ မတွေ့ခဲ့ရ။

အစက ငြင်းရန်ပြင်ခဲ့ပြီးမှ လိုက်လာမိတော့ စားရင်းသောက်ရင်း စကားပြောကြရင်းနှင့် သစ္စာ အိမ်ပြန်ရန် ထွက်လာချိန်မှာ ညနေ ငါးနာရီ ကျော်နေသည် ။

မိုးအုပ်ခြင်းကြောင့် ရှိရင်းစွဲ အချိန်ထက် ပိုမှောင်ကာနေသည် ။ ဒေါ် လေးလည်း စိတ်ပူနေတော့မှာ သေချာသည် ။ ထို့ကြောင့်ပင် ကားလေး ကို ခပ်မြန်မြန်ပင် မောင်းလာမိသည် ။

ကံကြမ္မာဆိုတာကလည်း အခက်သားပင်။ မြန်ချင်ပါသည် ဆိုကာမှ ကားက မဂ်လာဒုံ မကျော်သေးခင်မှာ ထိုးရပ်သွား၏။ ချက်ချင်းပင် ကား အောက်ဆင်းကာ စက်ဖုံးဖွင့်ကြည့် လိုက်မိသည် ။ သို့သော်လည်း သစ္စာ ရှင်သည် ကားစက်အကြောင်း ဘာမှ နားမလည်သော လူတစ်ယောက် သာ ဖြစ်သည် ။

သစ္စာ စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုသာ ဖိကုတ်နေမိသည် ။ ထွ

က်လာသည့် အကြဲက ကားတစ်စီးစီးကို တားကာ သစ္စာ ကားကိုကြည့်ခိုင်းရုံသာ ရမည်။ တော်ကြာ သစ္စာ တားသည့်ကားမှာ မတော်တရော် ယုတ်မာတတ်သည့် လူများ ပါလာလျှင် အခက်။

ထိုစဉ်မှာ ပင် အုံနေသော မိုးက ဝုန်းဒိုင်းကြဲ ရွာချလာတော့၏။ ကားထဲသို့ ပြန်ဝင်ထိုင်ကာ မှန်များ ပါ အကုန်ဆွဲတင် လိုက်ရသည် ။ အခြေအနေကတော့ သစ္စာဘက်မှာ မရှိတာ သေချာနေလေပြီ။

*****

## အခန်း (၄)

"အို မိုးတွေက သည်းလိုက်တာ၊ သစ္စာ ခုချိန်ထိ ဘာလို့ ပြန် မရောက် သေးတာ ပါလိမ့်နော်"

"ယုယ အဲဒီဆရာမ ခိုင်းလိုက်တဲ့ အိမ်ကို သိလား"

"ဟင့်အင်း ယုယ မသိဘူး"

"အဲဒီ ဆရာမရဲ့ ဖုန်းကော သိလား"

"ဟင့်အင်း ဒါလည်း မသိဘူး"

"ဟင် ဒါဆို ညည်းသိတာ ဘာရှိသေးလဲ ယုယရဲ့ ၊ အဲဒီလို တစ်ခုခုဖြစ်မှာ စိုးလို့ တစ်ယောက်တည်း မသွားပါနဲ့ ဆို အတန်တန် တားတဲ့ကြားက ရအောင်သွားတယ်၊ အခုတော့ ငါ စိတ်ပူရပြီ၊ ကြည့်ဦး နာရီကလည်း ခြောက်နာရီတောင် ခွဲတော့မယ်၊ ဟင်း စိတ်ညစ်လိုက်တာနော်"

ဒေါ်လေးက တစ်ယောက်တည်း အိမ်ရှေ့နှင့် အိမ်နောက်သို့ ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ ရေရွတ်နေချိန်မှာ ယုယ သစ္စာဖုန်းကို အဆက်မပြတ် ခေါ်နေမိသည် ။

သို့သော် လူကြီးမင်းနှင့်တိုးကာ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေကြောင်းသာ အဖြေရ၏။ စိတ်ပျက်လက်ပျက်နှင့် ဖုန်းကို ပြန်ချလိုက်မိချိန်မှာ ပင် ဖုန်းခေါ်သံက ရုတ်တရက် ထမြည်လာသောကြောင့် အလျ

င်အမြန်ပင် ကောက်ကိုင်လိုက်မိသည် ။

"ဟဲလို သစ္စာနဲ့ ပြောချင်လို့ ပါ"

"နက်နဲလား သစ္စာ မရှိဘူးဟ"

သစ္စာဆီကများ လားဟူသော အသိနှင့် ကောက်ကိုင် လိုက်မိသော်လည်း နက်နဲဆီမှ ဖြစ်နေခြင်းပင်။

"အေး သူ့ဟန်းဖုန်းကို လှမ်းခေါ်တာ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေတယ်ဆိုလို့ အိမ်မှာ များ လား ဆိုပြီး လှမ်းဆက်ကြည့်တာ"

ယုယတို့ အိမ် ဧည့်ခန်းက ဖုန်းမမိသောကြောင့် တစ်ခါတစ်ရံ အိမ်ထဲ၌ ရှိနေလျက်နှင့် ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေတတ်ကြောင်း သိထားသော နက်နဲက အလိုက်သင့်ပြောလိုက်ခြင်းပင်။

"သစ္စာက ဘယ်သွားနေလို့ လဲ ယုယ"

"အဲဒါ ငါတို့ တူဝရီးလည်း စိတ်ပူနေတာပေါ့၊ မနက်ကတည်းက ဆရာမ ခိုင်းထားတဲ့ ကိစ္စတစ်ခုရှိလို့ ဆိုပြီး မင်္ဂလာဒုံကို ကားမောင်း ထွက်သွားတာ အခုထိ ပြန်မရောက်သေးဘူး၊ ဖုန်းဆက်တော့ မရဘူးဖြစ်နေတာ၊ ဘာလုပ်ရမှန်းကို မသိဘူး"

"မင်္ဂလာဒုံကို ဆရာမခိုင်းထားတဲ့ ကိစ္စ ဟုတ်လား"

"အေး ဆရာမ ပစ္စည်းတချို့ လူကြုံပါးဖို့ ဆိုလားပဲ"

နက်နဲ ခေါင်းနဘမ်း ကြီးသွားသည် ။ သစ္စာ ဘာအခက်အခဲများ ကြုံနေရပါလိမ့်။ ကားနှင့်ပတ်သက်သော အန္တရာယ်တစ်ခုခုများ ကျရောက်နေပြီလား စဉ်းစားမိရင်းနှင့်ပင် နက်နဲ တစ်ကိုယ်လုံးရှိ သွေးများ ခေါင်းကို တက်ဆောင့်မတတ် ဖြစ်သွား၏။

သစ္စာသာ တစ်ခုခုဖြစ်ခဲ့လျှင် တရားခံက သူကိုယ်တိုင်ပဲ မဟုတ်လား ။

"ဟယ် နက်နဲ သစ္စာ ပြန် လာပြီ၊ ဒါပဲ သိလား၊ နောက်မှ ပြန်ဆက်လိုက်တော့"

"ဟဲ့ ယုယ နေဦးလေ သစ္စာ ဘာဖြစ်"

နက်နဲ စကားကို ဆက်နားမထောင်တော့ဘဲ ဖုန်းချပစ်လိုက်၏။

တစ်ကိုယ်လုံး စိုရွှဲနစ်နေသော သစ္စာကို ဒေါ်လေးက အပြေးအလွှားသွားဆွဲလာကာ

"သစ္စာ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲလို့ ပါလား၊ ဘာတွေဖြစ်လာတာလဲ ဒေါ်လေးကို ပြောစမ်း"

သစ္စာက ကားပျက်သွားသည် အထိ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။

"အေး အဲဒါကြောင့် ငါမပြောဘူးလား၊ ဒရိုင်ဘာခေါ်သွားပါ ခေါ်သွားပါ ပြောတာကို နားမထောင်ဘူး၊ လူကြီးဆိုတာက အားလုံးကို ကြိုတွေးမိပြီးသား၊ ဒါကို နားမထောင်မှ တော့ ဖြစ်ပြီးတော့"

"ဒေါ်လေးရဲ့ အပြစ်တင်စကားတွေ ခဏနေပါဦး၊ အဲဒီတော့ သစ္စာရဲ့ ကားက ဘယ်လို ပြန်ကောင်းသွားတာလဲ ဆိုတာ ပြောပါဦး"

ယုယက ဒေါ်လေး၏ မပြီးဆုံးနိုင်ဖြစ်နေသော ဆုံးမစကားတွေကို သိချင်သည် ကို မေးချလိုက်၏။

"နေကြပါဦး အင်္ကျီလေးတော့ လဲပါရစေ၊ နှာမချမ်းလှပြီ"

သစ္စာက ပြောရင်းတန်းလန်းနှင့် အခန်းထဲဝင်ကာ ရေချိုးရန်ပြင်၏။

ဒေါ်လေးရော ယုယပါ အခန်းထဲ လိုက်ဝင်လာကာ

"ပြောစမ်းပါဦး ကားက ဘယ်လို ပြန်ကောင်းသွားတယ်ဆိုတာ ကျူပ်သိချင်လို့ ပါ မယ်မင်းကြီးမရဲ့ "

ဒေါ်လေးကပါ မရမက လိုက်မေးနေခြင်းပင်။ အဆင်မပြေမှုများ နှင့် ကြုံခဲ့ရသောကြောင့် စိတ်က တိုချင်နေသော်လည်း ဒေါ်လေးနှင့် ယုယ ဘယ်လောက်စိတ်ပူ နေခဲ့မည်ဆိုတာ တွေးမိလိုက်သည် နှင့် စိတ်ကိုလည်း လျှော့ချပစ်လိုက်မိသည် ။

"ခုနကပြောတဲ့ သစ္စာ သူငယ်ချင်းရွှေစင်ရဲ့ အမျိုးသားနဲ့ သွားတိုးတာ သူကလည်း သစ္စာကားကို မှတ်မိပြီး ဘာဖြစ်လဲ၊ လာမေးတာလေ၊ ကံကောင်းချင်တော့ သူကြည့်ပြီး ပြင်ပေးလိုက်တာ ကောင်းသွားရော၊ တော်သေးတာပေ့ါ ကားအကြောင်း နားလည်တဲ့ လူ ဖြစ်နေလို့ "

"အောင်မလေး တော်သေးတာပေ့ါ မိသစ္စာရယ်၊ လူကောင်းနဲ့ တွေ့ပေလို့ ကျူပ်နဲ့ ယုယလေးမှာ စိတ်ပူလိုက်ရတာ၊ ဒါပဲနော်၊ နောက်ကို ခရီးဝေးရင် တစ်ယောက်တည်း ပေးမသွားဘူး၊ သစ္စာရော ယုယရောပဲကြားလား"

"ဟုတ်"

နှစ်ဦးစလုံး ခေါင်းလေးများ အသာညိတ်ပြ လိုက်ရသည် ။ သစ္စာကတော့ တကယ်ကို လန့်သွားပါပြီ။

သို့သော် ထိုကြားထဲကပင် နက်နဲကို တမ်းတမိတာလည်း အကြိမ်ကြိမ်။ ရုပ်ရှင်တွေထဲကလို ဒုက္ခရောက်နေသည့် အချိန်တွေမှာ ဇာတ်လိုက်မင်းသား ပေါ်လာလိမ့်မလားလို့ လည်း စိတ်ကူးယဉ်ဆန်ဆန် တွေးမိလိုက်သေးသည် ။

ဟုတ်တော့လည်း ဟုတ်ပါသည် ။ နက်နဲနှင့် ပတ်သက်လာလျှင် သစ္စာဘက်က စိတ်ကူးယဉ် သက်သက်သာ ဖြစ်ကာ လက်တွေ့ဘဝမှာ တော့ သူ့အကြင်နာတွေနှင့် ဝေးကွာလွန်းလှပါသည် ။

"ဟဲ့ ရေချိုးမယ်ဆို ဘာငိုင်နေတာလဲ၊ ချိုးချည်တော့ ဒေါ်လေး ထမင်းပွဲပြင်ထားမယ်"

နက်နဲရယ် ငါ့အပေါ်မှာ စိုးမိုးနိုင်လှချည်လား။ ဒါပေမဲ့လည်း ငါ ကျေနပ်ပါတယ်လေ၊ ငါက ချစ်ရသူမဟုတ်လား။

*****

မနက်စောစောစီးစီး အုံ့မှိုင်းနေသော မိုးကောင်းကင်ကို မော့ကြည့်ကာ ယုယ ကျေနပ်သွားသည် ။ ဒီလိုအချိန် လမ်းလျှောက်ရသော အရသာကို သစ္စာပါ အလွန်သဘောကျကြသည် ။ ဒီနေ့တော့ ယုယ တစ်ယောက်တည်း ကျောင်းသို့ လမ်းလျှောက် ထွက်လာခဲ့သည် ။

အသက်တစ်ချက် ရှူလိုက်တိုင်း ခံစားရသော မိုးသက်လေပြည် ရနံ့က ယုယကို ဖမ်းစားထားသည် ။

"အိုး စားတုန်းက စားပြီး ခုမှ မရှင်းနိုင်တော့ ထိုင်နေတာ သုံးနာရီ လောက်ရှိနေပြီ၊ ဘယ်လို ကလေကချေမျိုးလည်း မသိဘူး"

ယုယ၏ ခံစားချက် သံစဉ်များကို ဖျက်ဆီးပစ်လိုက်သော ဒေါသသံ စူးစူးတစ်ချက်။ အသံလာရာဆီ အကြည့်များက အလိုလိုရောက်သွားသည် ။

လမ်းဘေးတွင် အမိုးထိုးကာ ရောင်းနေသော မုန့်ဟင်းခါးသည် ။ မိန်းမကြီး၏ အသံ။ သူ့ရှေ့တွင် မှ စားသုံးသူများ ၊ ထိုထဲတွင် မှ ခေါင်းကိုငုံ့ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ယုယတို့ အရွယ်အသားညိုညို ကောင်လေးတစ်ယောက်။

အခြေအနေကို ကြည့်လိုက်ရုံနှင့် ယုယ သဘောပေါက်သွားသည် ။ အပြောခံနေရသော ကောင်လေးပုံကို ယုယ အကဲခတ်လိုက်မိသည် ။ ဝတ်စားထားပုံက ဂျင်းဘောင်းဘီ အပြာရင့်ရင့်လေးနှင့် အော်တာရှပ်အဖြူရောင်လေး၊ နီညိုရောင် ဆံပင်များကတော့ အနည်းငယ် ပွနေသယောင်ရှိသည် ။

စူးရှသော မျက်လုံးအစုံနှင့် ထူထူထဲထဲ နှုတ်ခမ်းသားများကိုပါ သတိထားလိုက်မိသည် ။ ဘယ်လိုနည်းနှင့်မှ သူများ ပစ္စည်းအချောင်လိုချင်မည့် ပုံမျိုး မဟုတ်ဘူး ဟု ယုယဘာသာ မှတ်ချက်ချလိုက်မိ၏။

ထိုသို့ကြည့်နေစဉ်မှာ ပင် ကောင်လေးက မုန့်ဟင်းခါးသည် အမျိုးသမီးအား တစ်စုံတစ်ခု ပြောလိုက်သည် ။ ကောင်လေးအသံက တိုးတိုးသက်သက်မို့ ယုယ ဘာမှ မကြားရ။ သို့သော် ဆိုင်ရှင်မိန်းမအသံကတော့ ကျယ်ကျယ်လောင်လောင် ထပ်ထွက်လာသည် ။

"သြော် နင်က ဖုန်းသွားဆက်မယ်ဆိုပြီး ပြန်ပေါ်မလာရင် ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်ကလည်း လိုက်မကြည့်နိုင်ဘူး၊ ဆိုင်မှာ ဒီလောက်လူကျနေတာကို"

ထိုအခြေအနေမှာ ယုယ သည်းမခံနိုင်တော့။ ဘယ်သောအခါမှ ထိုသို့သော ကိစ္စမျိုးတွေမှာ ဝင်မပါတတ်ခဲ့သော်ငြားလည်း ယခုတော့

"ဒီမှာ အန်တီကြီး သူစားထားတာ ဘယ်လောက်ကျလဲ"

ကာယကံရှင် နှစ်ဦးစလုံးက ယုယကို တအံ့တသြမော့ကာကြည့်၏။ ယုယကတော့ ခပ်တည်တည်ပင်။ ဆိုင်ရှင် မိန်းမက ယုယကို ခြေဆုံးခေါင်းဆုံး ကြည့်၏။

မြန်မာဆန်ဆန် ချုပ်ထားသော ချည်သားအင်္ကျီ လက်ပြတ် ပန်းရောင်ပြောင်လေးကို အပြာရင့်ရင့်ပေါ်တွင် ပန်းနုရောင် ပန်းပွင့်လေးများ ဖောက်ထားသော ချည်ထဘီလေးနှင့် တွဲဝတ်ထားသော ဆံပင်နီရဲရဲ တိုနန့်နန့် ကောင်မလေးနှင့် မုန့်ဟင်းခါးဖိုးပင် မရှင်းနိုင်သော ပေပေတေတေ ကောင်လေးကို ဆက်စပ်၍ မရ ဖြစ်နေပုံပင်။

"ဘာကြည့်နေတာလဲလို့ သူစားထားတာ ဘယ်လောက်ကျလဲပြောလေ"

"နေပါဦး မင်းကဘယ်သူလဲ၊ ဒီကောင်နဲ့ ဘာဆိုင်လဲ"

"ဒါတွေ အရေးကြီးလို့ လား၊ မုန့်ဟင်းခါးဖိုးရရင် ပြီးရော မဟုတ်ဘူးလား အန်တီကြီးရဲ့ "

ယုယက ခပ်ပြတ်ပြတ်ပြောလိုက်တော့မှ မုန့်ဟင်းခါးဖိုးကို တွက်၏။ ကောင်လေးကတော့ ခုချိန်ထိ တအံ့တသြ ငေးကြည့်နေဆဲပင်။

"မုန့်ဟင်းခါးနှစ်ပွဲ၊ ဘဲဥရယ်၊ ဘူးကြော်ရယ်က ထောင့်နှစ်ရာ အသုပ်တစ်ပွဲ၊ ငါးဖယ်နဲ့ က သုံးရာပေါင်း ထောင့်ငါးရာကျတယ်"

ပိုက်ဆံအိတ်ကိုဖွင့်ကာ ထောင်တန်တစ်ရွက် ဆွဲထုတ်လိုက်စဉ်မှာ ပင်

"ဟာဗျာ ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်ကိစ္စ ဘာလို့ ဝင်ပါရတာလဲဗျ"

အသံက ဝဲတဲတဲနှင့် ရန်ကုန်လေ မဟုတ်တာတော့ သေချာသည် ။ သူ့အသံကြောင့်ပဲ ငွေများ ဆီ လက်လှမ်းနေသော

ဆိုင်ရှင်မိန်းမလက်များ တန့်သွား၏။

"ဒီမယ် ကောင်လေးမင်းနဲ့ သူနဲ့ မသိဘူးဟုတ်လား"

"ဟုတ်တာပ"

သူ အားတက်သရောကြီး ဝင်ဖြေ၏။ ယုယပင် ရုတ်တရက် ဘာဆက်ပြောရမှန်း မသိတော့။

"ဒီမှာ အန်တီကြီး ပိုက်ဆံယူမှာ လား၊ မယူဘူးလား၊ စိတ်မပြောင်းခင် မြန်မြန်လိုက်နော်"

ယုယ ထိုသို့ပြောလိုက်မှ ဆိုင်ရှင်အမျိုးသမီးကြီးက ယုယလက်ထဲမှ ငွေများကို ဆွဲယူကာ ပိုက်ဆံပုံးထဲ အလျှင်အမြန် ထည့်လိုက်သည် ။

"ဟိတ် မလုပ်နဲ့ လေဗျာ ဟာဗျာ"

"ဘာမှ ဟာဗျာ မနေနဲ့ ၊ မင်းကငါ့ကို မသိပေမယ့် ငါက မင်းကိုသိတယ် လာ လိုက်ခဲ့"

ယုယက ပြောပြီး ဆိုင်လေးဆီမှ ခွာခဲ့၏။ သူ့ကို သိသည် ဆို၍ အံ့သြနေသော မျက်နှာလေးနှင့် ကောင်လေးလည်း ယုယနောက်မှ ပါလာသည် ။

မုန့်ဟင်းခါးဆိုင်နှင့် တော်တော် ဝေးဝေးသို့ရောက်မှ ယုယက ခြေလှမ်းကိုရပ်ကာ ကောင်လေးနှင့် မျက်နှာချင်းဆိုင်လိုက်ရင်း

"ကောင်လေး မင်းရန်ကုန်က မဟုတ်ဘူး မို့လား"

"အင်း ကျွန်တော်က သူငယ်ချင်းတစ်ယောက်ဆီ အလည်လာတာ၊ မနက်က ဘောင်းဘီအိတ်ထဲ ပိုက်ဆံပါတယ်ပဲ ထင်တာ၊ သူငယ်ချင်းကို လှမ်းဖုန်းဆက်ဖို့ တောင် နေရာက ပေးမထဘူး၊ ရန်ကုန်က

မစွံပါဘူးဗျာ ဟူး"

ကောင်လေးက စိတ်ပျက်လက်ပျက်ပြောကာ သက်ပြင်းပင် ချလိုက်သေး၏။ ယုယအထင် မမှားလောက်ပါ။ ဒီကောင်လေးဟာ ရိုးရိုးသားသားလေးပဲ ဖြစ်မည်။

"ဩော် ဒါနဲ့ ခင်ဗျားက ကျွန်တော့်ကို သိတယ်ဆို"

"ဟင်"

ဆိုင်ထဲတွင် ဇာတ်လမ်း ရှည်နေမည်စိုး၍ ပြောမိပြောရာ ပြောခဲ့မိသော စကားကို သူက အကျအန မေးနေပြန်သေးသည် ။

"မင်း ဘယ်နယ်ကလဲ"

"မိုးကုတ်က"

"ရန်ကုန် ဘယ်နှခါရောက်ဖူးလဲ"

"တစ်ခါမှ မရောက်ဖူးဘူး၊ ခု ပထမဆုံးပဲ"

"အေးငါက ရန်ကုန်သူစစ်စစ်၊ ခုချိန်ထိ ဘယ်နယ်မှ မရောက်ဖူးဘူး"

"ဟင် ဘာကြီးလဲဗျ"

"ရှင်းရှင်းလေးပဲ မင်း ငါ့ကိုမသိတာ မဆန်းသလို ငါလည်း မင်းကိုမသိဘူး၊ မင်း အခက်အခဲ ဖြစ်နေတာမြင်လို့ မင်းပုံစံလေးကလည်း လူလိမ် မဟုတ်လောက်ဘူးထင်လို့ ဝင်ကူညီပေးတာ၊ မင်းကိစ္စ ဝင်ပါနေရတာနဲ့ ကျောင်းတောင် နောက်ကျနေပြီ၊ ငါသွားတော့မယ်၊ မင်းလည်း ပြန်တော့"

ယုယ လှည့်ထွက်ရန် ပြင်သည် ။

"နေဦးလေဗျာ ခင်ဗျားပိုက်ဆံကို ဘယ်လိုလုပ်မလဲ"

"နောက်ကြဲ့ရင်ပေးလေ ဘိုင်ဘိုင်"

အူကြောင်ကြောင် ကောင်လေးကို ခပ်တည်တည်ပြောရင်း ကျောင်းသို့ သုတ်ခြေတင်ခဲ့လိုက်သည် ။ ကျောင်းဝင်းနား ရောက်ခါနီးမှာ ပင် အုံ့မှိုင်းနေသော တိမ်တိုက်တို့ က မိုးရေစက်အဖြစ် ပြောင်းကာ ကမ္ဘာမြေပေါ်ရွာချသည် ။ ယုယလည်း ထီးထုတ်ရမှာ ပျင်း၍ အပြေးကလေးပဲ လှမ်းသွားလိုက်၏။

"ဟိတ် ယုယ ထီး မပါဘူးလား၊ တစ်ယောက်တည်းလား"

ယုယလိုပင် အပြေးလာနေသော သူရိန်က လှမ်းပေးခြင်း ဖြစ်၏။

"ထုတ်ရမှာ ပျင်းလို့ ဟေ့ ရောက်တော့မှာ ပဲဟာ သစ္စာက မနေ့က မိုးမိလို့ လေ၊ အိမ်မှာ ဖျားကျန်ခဲ့တယ်၊ ဒါနဲ့ နင့်ဘော်ဒါရော"

"နက်နဲလား ရောက်လောက်ပြီပေ့ါ။ ငါက နောက်ကျနေတာပဲဟာ၊ သူက ဒီမနက် ပုလဲကြည်ကို ဝင်ကြိုပြီး တူတူလာမှာ ဆိုတော့ ဝီရိယတွေ ကောင်းနေမှာ ဟ၊ မနေ့ကလည်း ပုလဲကြည်မွေးနေ့ကို နှစ်ယောက်တည်း လျှောက်လည်ကြတယ်တဲ့ လေ"

အခြေအနေ တိုးတက်မှုက သိသိသာသာကြီးမို့ ယုယ နည်းနည်းတော့ အံ့သြသွားသည် ။ ကိုယ့်အစ်မအတွက်လည်း စိတ်မကောင်းဖြစ်မိသည် ။ အတွေးများကြောင့် ခြေလှမ်းများ ပင် နှေးကွေးသွား၏။

ကျောင်းဆောင်ထဲ ရောက်နေပြီမို့ တော်ပါသေးရဲ့ ။ သစ္စာရေ နင်ကသာ အန္တတာခံ ချစ်နေတာ၊ ဒီကောင့်စိတ်ထဲမှာ နင်ဆိုတာ သေးသေးလေးတောင် ရှိရဲ့ လား။ နင့်အစား ငါစိတ်ညစ်ပါရဲ့ ဟယ်။

"နက်နဲနဲ့ ပုလဲကြည်က ကြိုက်သွားကြပြီလား၊ ရည်းစားဖြစ်သွားပြီလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ ဒီတိုင်း အီစီကလီပါပဲ၊ ရည်းစားဖြစ်ဖို့ ကတော့ မကြာမီ လာမည် မျှော်ပေါ့ဟာ၊ ကဲ မြန်မြန်လာ ဆရာဝင်နေရင် ဆူခံထိနေဦးမယ်"

ယုယလည်း သက်ပြင်းလေးချရင်း ခြေလှမ်းကို သွက်လိုက်သည် ။ အပြင်ဘက်မှာ တော့ မိုးများက ရွာကောင်းတုန်း။ ဟိုကောင်လေး ထီးပါလာတာလည်း မတွေ့မိဘူးဆိုသော အတွေးနှင့်အတူ အူကြောင်ကြောင် မျက်နှာလေးကို ပြေးမြင်မိသွား၍ တစ်ယောက်တည်း ပြုံးလိုက်မိသေးသည် ။

*****